

# ၂၀၂၁ မြန်မာ့စီးပွားရေး ဟောစာတမ်း

Saw Lalbwel Htoo

07 May 2021

ဟောစာတမ်းဟုသာဆိုရသည်၊ ဟောစရာမလိုလောက်အောင် မြန်မာ့စီးပွားရေး မည်သည့်အခြေအနေ ရောက်နေသည်မှာ မြင်သာလွန်းသည်။ သို့သော် ဘယ်လောက်ထိ အလွတ်ကျ ကျသွားသည်ကို မတ္တာနှိုင်းယှဉ်ခြင်းဖြင့် ဖော်ပြရန်လိုသည်။ သို့မှသာ လာမည့် “ဖမူး ပဲလျော့” ကာလအတွင်း ထိခိုက်ဆုံးရှုံးနိုင်ခြေများကို ခန့်မှန်းတွက်ဆနိုင်မည်။ အခါသင့်လျှင် ဖာထေးနိုင်မည်။

ယနေ့ ကာလဝိပတ္တိ၏ ဆုံးရှုံးနိုင်ခြေကို ခန့်မှန်း သုံးသပ်နိုင်ရန် လွန်ခဲ့သော ၅ နှစ်တာကာလအတွင်း မည်သည်ကို ပန္နတ်ရိုက်ခဲ့ကြောင်းကို ဦးမဆွ ဖော်ပြရန်လိုပါသည်။ ၅နှစ်တာ စီးပွားရေးအပြောင်းအလဲကို စုကြည်နောမစ် (SuuKyinomics)ဟု ခေါ်ဝေါ် ခဲ့ကြသည်။



Copyright © 2021 Inya Economics. All Rights Reserved.

## စုကြည်နော်မစ်




စုကြည်နော်မစ်ဆိုသည်မှာ တရားဥပဒေစိုးမိုးရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ တည်ဆောက်ထားသော စီးပွားရေးပုံစံဖြစ်သည်။ ၎င်းကို ရေရှည်ပလန် နှစ်ရပ်ပေါ်တွင် အခြေခံထားသည်။ Myanmar Sustainable Development Plan (MSDP) နှင့် Myanmar Investment Promotion Plan (MIPP) ဖြစ်သည်။ MSDPသည် တစ်နည်းအားဖြင့် နိုင်ငံ၏ log frameဟု ဆိုနိုင်သည်။ မဟာဗျူဟာများကို ပြည့်မီစေရန် စနစ်ကိုတည်ဆောက်သော ယူနစ်များ ပေါ်ပေါက်လာသည်။ National Economic Coordination Committee (NECC), Project Bank, Public-Private Partnership Center, Central Transformation Unit စသည့် ယူနစ်များဖြင့် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးကို ပုံဖော်ခဲ့ကြသည်။

MSDP ကို စီးပွားရေးမူဝါဒ (၁၂) ချက်နှင့် SDG (၁၇) ချက်နှင့် အဟတ်ညီအောင် ရေးဆွဲထားသည်။ ၎င်းကို မဏ္ဍိုင် (၃) ရပ်၊ ပန်းတိုင်း (၅) ခု၊ မဟာဗျူဟာ (၂၈) ချက် နှင့် လုပ်ငန်းစဉ် (၂၅၁) ဖြင့် ရေးဆွဲထားသည်။ ရေးဆွဲရခြင်းမှာ မက်ခရိုစီးပွားရေး တောင့်တင်းလာစေရန်၊ အုပ်ချုပ်မှုစနစ်ကောင်းမွန်လာစေရန်၊ ဘဏ္ဍာရေးစည်းမျဉ်း အခိုင်အမာရှိစေရန်နှင့် နှစ်စဉ် ဘဏ္ဍာရေးလိုငွေ GDP ၏ ၅ % မကျော်စေရန်အတွက် ဖြစ်သည်။

MIPP သည် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန် ရေးဆွဲထားသော ပလန်ဖြစ်သည်။ ၎င်းပလန်ဖြင့် မြန်မာ့စီးပွားရေး ရပ်ဝန်းကို တိုးတက်လာစေသည်။ အထူးသဖြင့် Ease of doing business အဆင့်ကို အပေါ်နား ကပ်လာစေသည်။ ၂၀၁၄ ခုနှစ်အတွင်း ကမ္ဘာ့အဆင့် ၁၇၇ ရှိလာရာမှ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့အဆင့် ၁၆၅ အထိရောက်လာသည်။ မြန်မာ့စီးပွားရေးသည် အထကောင်းသည်။ အရှိန်ရလာသည်။



Copyright © 2021 Inya Economics. All Rights Reserved.

စီးပွားရေးပြုပြင်ပြောင်းလဲလာမှုနှင့်အတူ ထင်သာမြင်သာရှိသော တိုးတက်မှုတစ်ခုမှာ လာဘ်ပေးလာဘ်ယူမှု လျော့ကျသွားခြင်း ဖြစ်သည်။ ၅ နှစ်တာကာလအတွင်း သမ္မတဦးဝင်းမြင့်အမိန့်ဖြင့် စီးပွား/ကူးသန်း ဝန်ကြီးဌာနမှ ဒုဗိုလ်မှူးကြီးအဆင့် တာဝန်ထမ်းဆောင်ဖူးသူ ညွှန်ချုပ်ကို လာဘ်စားမှုဖြင့် ဖြုတ်လိုက်ခြင်းသည် မြန်မာနိုင်ငံအတွက် ကြီးမားသော အစဦး ပြောင်းလဲမှု ဖြစ်သည်။ ကိုယ့်ပါတီ အတွင်းမှ ရွေးကောက်ခံအမတ်ကို ထုတ်ပယ်လိုက်ခြင်း စသည်တို့သည် မြန်မာစီးပွားရေးကို ရောင်ပြန်ဟပ်သော အပေါင်းလက္ခဏာပြောင်းလဲမှု ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုညွှန်းကိန်း(Corruption Perceptions Index)တွင် ရမှတ်အဆင့် ၂၁ ရှိရာမှ ၂၀၁၇ခုနှစ်တွင် အမြင့်ဆုံး ညွှန်းကိန်းအဆင့် ၃၀ အထိတက်လာသည်။ ၂၀၂၀ ခုနှစ်သို့ရောက်သောအခါ ညွှန်းကိန်းအဆင့် ၂၈သို့ ကျသွားသည်။[1] ကိုဗစ်ကာလအတွင်း စီးပွားရေးအလှူပ်အခတ်မှာ တနည်းနည်းတော့ စိတ်ဝင်စရာကောင်းသည်။




ဘဏ္ဍာရေးကဏ္ဍ၏ အလှူပ်အခတ်မှာလည်း စီးပွားရေးပြောင်းလဲမှု၏ ပြယုဂ်တစ်ခုဖြစ်သည်။ ဗဟိုဘဏ်တွင် ရာထူးအပြောင်းအလဲဖြစ်ပြီး ဦးစိုးသိမ်းနှင့် ဦးဘိုဘိုငယ်တို့သည် ဗဟိုဘဏ် ဒု-ဥက္ကဌ ဖြစ်လာကြသည်။ ၎င်းနောက်ပိုင်း နိုင်ငံခြားဘဏ် ၁၃ ဘဏ်ကို လုပ်ငန်းခွင့်ပြုလိုက်ခြင်း၊ တစ်နည်းနည်းဖြင့် ကူးသန်ရောင်းဝယ်ရသည့်အခါ အမေရိကန်ဒေါ်လာလဲလှယ်ပြီးမှ အသုံးပြုနိုင်ခြင်းမဟုတ်ဘဲ ဂျပန်ယန်းနှင့် တရုတ်ယွမ်ကို တိုက်ရိုက်အသုံးပြုနိုင်သောငွေကြေးအဖြစ် သတ်မှတ်ပေးခဲ့ခြင်း၊ ငွေဖောင်းပွမှုနှုန်း

[1] Corruption Perceptions Index Score relates to perceptions of the degree of corruption as seen by business people and country analysts, and ranges between 100 (highly clean) and 0 (highly corrupt). https://knoema.com/atlas/Myanmar/Corruption-perceptions-index



Copyright © 2021 Inya Economics. All Rights Reserved.

ငြိမ်အောင် ထိန်းထားပေးခြင်း၊ ငွေလဲနှုန်း အတက်အကျ ကြမ်းလာသည့်အခါ ဗဟိုဘဏ်မှ ကျားကန်ပေးထားနိုင်ခြင်းဖြင့် မြန်မာ့စီးပွားရေး တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့ကြသည်။

## မြန်မာ့ ပစ္စုပ္ပန်စီးပွားရေး

ပစ္စုပ္ပန်စီးပွားရေး၏ မြစ်ဖျားခံရာမှာ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) မှ အာဏာထိမ်း/သိမ်းလိုက်ခြင်း ဖြစ်သည်။ ၂၀၂၀ နိုဝင်ဘာလရွေးကောက်ပွဲတွင် လက်ရှိအစိုးရပါတီ NLD မှ မဲလိမ်/ မဲခိုးသည့် စွဲချက်ဖြင့် ဒု-သမ္မတ ဦးမြင့်ဆွေကို ယာယီသမ္မတရာထူးခန့်အပ်ကာ နိုင်ငံတော်အရေးပေါ်ကာလ ၁ နှစ်ဟု နစက မှ ကြေငြာချက် ထုတ်ပြန်သည်။ ၎င်းနှင့် တစ်ပြိုက်နက် မြန်မာစီးပွားရေးမူဝါဒကို ပုံဖော်နေကြသူများဖြစ်သော ရှောင်တာနယ်၊ ဦးဆက်အောင်၊ ဦးမင်းရဲပိုင်ဟိန်း၊ ဦးဘိုဘိုငယ်အစရှိသော စီးပွားရေး ပညာရှင်များ ထိန်းသိမ်းခံလိုက်ရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံရေးတည်ငြိမ်မှုနှင့် မေခရိုစီးပွားရေး တည်ငြိမ်နေရန်လိုပါသည်။

အကျိုးဆက်မှာ စီးပွားရေးရပ်ဝန်းတွင် လေဟာနယ်ဖြစ်ပြီး ဖွံ့ဖြိုးမှုအထောက်အပံ့များ ချက်ချင်းရပ်ဆိုင်းလိုက်ကြရသည်။ ၎င်းနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးစနစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ မူဝါဒချမှတ်ရန် နည်းပညာအကူအညီများ တုံ့ဆိုင်းသွားသည်။ အထိခိုက်ဆုံးဆိုးကျိုးမှာ နိုင်ငံတကာစီးပွားရေးတံခါးပိတ်သွားခြင်းဖြစ်သည်။ အမေရိကန်၊ ဂျပန်၊ ဥရောပနိုင်ငံများ အစရှိသော နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကြောင့် ငွေကြေးမစီးဆင်းနိုင်ခြင်း၊ စက်ရုံအလုပ်ရုံများ မလည်ပတ်နိုင်ဘဲ အထည်ချုပ်ကဏ္ဍတစ်ခုတည်းတွင်ပင် အလုပ်သမားပေါင်း ၂ သိန်းဝန်းကျင် အလုပ်လက်မဲ့ဖြစ်သွားခြင်းစသည့် စီးပွားရေး ရပ်တန့်သည့် ဒဏ်ကို ယနေ့ ခံနေရသည်။



Copyright © 2021 Inya Economics. All Rights Reserved.

ပြည်တွင်း ပြည်ပ ငွေကြေးမစီးဆင်းခြင်းသည် ဘဏ်လုပ်ငန်း၊ ထိုမှ တစ်ဆင့် စက်ရုံ အလုပ်ရုံများ၊ စီးပွားရေး လုပ်ငန်းများ ရပ်ဆိုင်းထားရသည်အထိ ဂြိုလ်ဆိုးဝင်လျှင် အပေါင်းအပါနှင့် ဝင်လာခြင်းဖြစ်သည်။ အင်တာနက်လိုင်းများ ဖြတ်တောက်လိုက်ခြင်းသည် ဘဏ်လုပ်ငန်းများ ရပ်တန့်သွားသဖြင့် စက်ရုံ အလုပ်ရုံများ ၎င်း၏ အလုပ်သမားများကို လုပ်အားခ ရှင်းပေးရန် အကျပ်အတည်းဖြစ်သွားသည်။ သီလဝါစက်မှုဇုံတွင် စက်ရုံပေါင်း ၅၄ ရုံသာ အလုပ်လည်ပတ်နိုင်တော့သည်။ ၃ပုံ ၁ပုံကျော်သော စီးပွားရေး မီးခိုးတိတ်သွားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုသည်လည်း ၄၀ ရာခိုင်နှုန်း လျော့ကျသွားသည်။

Civil Disobedience Movement(CDM) လှုပ်ရှားမှုကြောင့် စီးပွားရေးနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ အလုပ်မတွင်ကျယ်ဘဲရှိနေသည်။ ၎င်းဂယက်တွင် ပုဂ္ဂလိကလုပ်ငန်းအချို့လည်းပါသည်။ အင်တာနက်မရခြင်း၊ ဝန်ထမ်းအင်အားမရှိခြင်းကြောင့် နစကမှ တွန်းအားပေးသော်လည်း ပုဂ္ဂလိကဘဏ်များ အလုပ်ဖင့်နေကြရသည်။ အစိုးရဘဏ်များသာ လုပ်ငန်းလည်ပတ်နိုင်သည်။ သို့သော် အစိုးရဘဏ်များတွင် နိုင်ငံခြားအရံငွေ ကန်ဒေါ်လာ၇ဘီလီယံသာရှိတော့သည်။ ဘဏ်အကောင့်ဖွင့်ထားသော နိုင်ငံသားအားလုံး ပိုင်ဆိုင်မှု၏ ၁၀ ရာခိုင်နှုန်းအောက်သာရှိသော ပမာဏဖြစ်သည်၊ သို့မဟုတ် လက်ရှိသုံးစွဲနေသော Credit Card အားလုံး၏ ၀.၁ ရာခိုင်နှုန်းထက်နည်းသော ပမာဏဖြစ်သည်။ ငွေလဲနှုန်းနှင့် ငွေဖောင်းပွနှုန်းဆက်တိုက်မြင့်တက်လာကာ စီးပွားရေး အလွတ်ကျ ကျသည့် လက္ခဏာပြလာသည်။



Copyright © 2021 Inya Economics. All Rights Reserved.

## ၂၀၂၁ စီးပွားရေး ဟောကိန်း

မြန်မာနိုင်ငံ၏ ၂၀၂၁ စီးပွားရေး အထိအခိုက်များကို ခန့်မှန်းရာတွင် ၂၀၁၉-၂၀ခုနှစ်အတွင်း ကိုဗစ်၏ အပွန်းအပဲ့များကိုပါ ထည့်တွက်ရမည်။ ၂၀၂၀ ခုနှစ်အတွင်းတွင် ကိုဗစ်လှိုင်းကြောင့် ၈၃.၃ ရာခိုင်နှုန်းသော မိသားစုများသည် ဝင်ငွေအကျပ်အတည်းနှင့် ရင်ဆိုင်လာရသည်။ အမြင့်ဆုံး ၁၁ ရာခိုင်နှုန်းသော မြန်မာနိုင်ငံသားများသည် Poverty Line အောက်ရောက်လာသည်။

**Limitation of the study**

ဤစာတမ်းအတွက် စီးပွားရေးခန့်မှန်းချက်များကို ဖော်ပြရာတွင် Coup d'état ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အထူးပြု လေ့လာလိုပါသည်။ ထို့ကြောင့် စီးပွားရေး ခန့်မှန်းချက်တွက်ချက်ခြင်းအတွက် ၂၀၁၉-၂၀ ကာလအတွင်း ကိုဗစ်၏ ထိခိုက်မှုများကို အထူးပြု ထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။

ထို့အပြင် နစက အာဏာသိမ်းခြင်းနှင့် ထပ်ကြုံလိုက်ရသော မြန်မာနိုင်ငံသားများ၏ ဆင်းရဲမွဲတေမှုသည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် **နှစ်ဆ** တက်နိုင်ကိန်းရှိသည်။ မြန်မာနိုင်ငံသားအားလုံး၏ တစ်ဝက်နီးပါး (၄၈.၂ ရာခိုင်နှုန်း) သည် ဆင်းရဲကျပ်တည်းမှုနှင့် ရင်ဆိုင်ကြရတော့မည် ဖြစ်သည်။

၂၀၂၁၏ စီးပွားရေး ခန့်မှန်းချက်များကို ဖော်ပြရာတွင် ကိုဗစ်ကာလမှ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ စာရင်းအင်းအချက်အလက်များကို ဖော်ပြလိုပါသည်။ ထို့အပြင် ၂၀၂၁ ခုနှစ်အတွက် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ဖော်ပြလိုပါသည်။ အဘယ်ကြောင့်နည်းဟူမူကား မြန်မာနိုင်ငံသည် ကျဆုံးသွားသော နိုင်ငံ (Failed State) တစ်နိုင်ငံ မဖြစ်ရေးအတွက် တပ်လှန့်ပုံဖော်လိုခြင်းကြောင့်ဖြစ်ပါသည်။



Copyright © 2021 Inya Economics. All Rights Reserved.

## မြန်မာနိုင်ငံ၏ တိုးတက်မှု

- နိုင်ငံရေးနှင့် မေခရိုစီးပွားရေး မတည်ငြိမ်ခြင်း
- နိုင်ငံတကာ ဖွံ့ဖြိုးမှု အထောက်အပံ့များ ရပ်ဆိုင်းလိုက်ရခြင်း
- စီးပွားရေး ပိတ်ဆို့အရေးယူခံရခြင်း

စသည်တို့ကြောင့် မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၁ ခုနှစ်တွင် (-) ၉.၈ ရာခိုင်နှုန်းသို့ အလွတ်ကျကျသွားမည်ဟု ခန့်မှန်းပါသည်။ ထိုကြောင့် မြန်မာနိုင်ငံသည် တိုးတက်မှု (နှေးကွေးခြင်း ၊ ရပ်တန့်ခြင်း မဟုတ်ဘဲ) ဆုတ်ယုတ်မည့် နိုင်ငံဖြစ်ပါသည်။




Source : ADB outlook, Apr 2021




Source: ADB Outlook, Apr 2021

- အာဆီယံနိုင်ငံအတွင်းတွင် GDP (%) အနည်းဆုံးဖြစ်သလို “အနှုတ်”ပြသော နိုင်ငံမှာ မြန်မာတစ်နိုင်ငံတည်းသာရှိသည်။



Copyright © 2021 Inya Economics. All Rights Reserved.

## မြန်မာနိုင်ငံ၏ တစ်ဦးချင်းအချိုးကျ ဝင်ငွေ

- အင်တာနက်ဖြတ်တောက်ထားခြင်း
- စက်ရုံ အလုပ်ရုံများ ပိတ်သိမ်းထားခြင်း
- အလုပ်သမားများ CDM တွင် ပါဝင်ခြင်း
- အလုပ်လက်မဲ့နှုန်း များလာခြင်း

စသည်တို့ကြောင့် တစ်ဦးချင်း အချိုးကျ ဝင်ငွေသည် ၂၀၂၁ ခုနှစ်တွင် (-) ၁၀.၆ ရာခိုင်နှုန်းသို့ တဟုန်ထိုး ထိုးဆင်းသွားမည်ဟု ခန့်မှန်းပါသည်။ ထို့ကြောင့်ပင် ဆင်းရဲမှု အကျပ်အတည်းကို ၂၀၂၁ နှစ်ကုန်ပိုင်း ယခုလက်ရှိ ရှိနေသည့် လူဦးရေ၏ နှစ်ဆ ခံစားရမည်ဖြစ်ပြီး တနည်းအားဖြင့် မြန်မာနိုင်ငံ၏ လူဦးရေး ထက်ဝက်နည်းပါး ဆင်းရဲကျပ်တည်းကြမည်ဖြစ်ပါသည်။




Source: ADB Outlook, Apr 2021




Source: ADB Outlook, Apr 2021



Copyright © 2021 Inya Economics. All Rights Reserved.

- အာဆီယံနိုင်ငံများအတွင်း ကိုဗစ်ဒဏ်ကို နိုင်ငံအားလုံးခံစားနေရပြီး မြန်မာနိုင်ငံမှလွဲ၍ တစ်ဦးချင်းအချိုးကျဝင်ငွေသည် အစဉ်သဖြင့် တိုးတက်နေကြသည်။ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ဝင်ငွေမရှိဘဲ စရိတ်ကြီးမြင့်လာကာ ထွက်ငွေ အများဆုံးထွက်နေသည့် နိုင်ငံဖြစ်သည်။ ဝင်ငွေ၊ ထွက်ငွေ အနှုတ်ပြနေသည့် တစ်ဦးတည်းသော နိုင်ငံဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး အခြေအနေ

- ငွေလဲနှုန်းနှင့် ငွေဖောင်းပွမှုနှုန်း မြင့်တက်လာခြင်း
- အစိုးရဘဏ်များတွင် အရံငွေ မလုံလောက်ခြင်း
- ပြည်တွင်း ပြည်ပ ငွေကြေး မစီးဆင်းခြင်း
- ကုန်သွယ်မှု လျော့နည်းသွားခြင်း



Source : ADB Outlook, Apr 2021



Source : ADB Outlook, Apr 2021

စသည်တို့ကြောင့် ငွေဖောင်းပွမှုနှုန်းသည် ၂၀၂၁ ခုနှစ်အတွင်း အနည်းငယ်မြင့်တက်လာမည်ဟု ခန့်မှန်းပါသည်။ ငွေဖောင်းပွမှုနှုန်း ၆.၂ ရာခိုင်နှုန်းဖြင့် ဆတိုးမြင့်တက်နိုင်ချေရှိပါသည်။ ငွေကြေးပွန်းတီးမှု (Depreciation)ကြောင့်သော်လည်းကောင်း၊ ကုန်စည်၊ ဝန်ဆောင်မှု၊ ဝင်ငွေနှင့် ပြည်ပမှ ငွေလွှဲခြင်း (Current Transfer) စသည်တို့ အကျပ်အတည်းဖြစ်သွားခြင်းကြောင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေ သည်အရှုံးပေါ်နေသည်။ (-) ၄.၄ ရာခိုင်နှုန်း ထိခိုက်သွားမည်ဟု ခန့်မှန်းပါသည်။


Copyright © 2021 Inya Economics. All Rights Reserved.




Source: ADB Outlook, Apr 2021

- အာဆီယံနိုင်ငံများအတွင်း မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ၆.၂ ရာခိုင်နှုန်းဖြင့် မြင့်တက်နေခြင်း သည် အခြားနိုင်ငံများထက် အမြင့်ဆုံးနှုန်းဖြစ်သည်။

- မြန်မာနိုင်ငံသည် Current Account Balance တွင် (-) ၄.၄ ရာခိုင်နှုန်း အရှုံးပေါ်နေသကဲ့သို့ အာဆီယံ နိုင်ငံများအတွင်း ဘဏ္ဍာရေး အရှုံးပြသည့် ငါးနိုင်ငံအတွင်းမှ တစ်နိုင်ငံဖြစ်သည်။ အင်ဒိုနီးရှားသည် (-)၀.၈ ရာခိုင်နှုန်း၊ လာအိုသည် (-)၇.၈ ရာခိုင်နှုန်း၊ ကန်ဘောဒီးယားနှင့် တီမော နိုင်ငံများသည် (-)၁၅.၆ ရာခိုင်နှုန်းနှင့် (-)၂၆.၅ ရာခိုင်နှုန်းဖြင့် အသီးသီးအရှုံးပေါ်နေသော နိုင်ငံများဖြစ်သည်။ မလေးရှားမှာ ၄.၄ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံး အမြတ်ထွက်နေသည့်နိုင်ငံဖြစ်သည်။




Source: ADB Outlook, Apr 2021



Copyright © 2021 Inya Economics. All Rights Reserved.

## References


1. Banking and Financial Services in Myanmar. (2021). Retrieved 5 May 2021, from https://www.charltonsmyanmar.com/myanmar-economy/banking-and-financial-services/
2. Commentary: Myanmar's post-coup economy is in free fall. (2021). Retrieved 5 May 2021, from https://www.channelnewsasia.com/news/commentary/myanmar-economy-coup-protest-military-business-worker-strike-14620152
3. Companies in Myanmar struggle to pay salaries as banks stay closed. (2021). Retrieved 5 May 2021, from https://asia.nikkei.com/Spotlight/Myanmar-Coup/Companies-in-Myanmar-struggle-to-pay-salaries-as-banks-stay-closed
4. Coup continues to disrupt Made in Myanmar garments. (2021). Retrieved 5 May 2021, from https://www.just-style.com/analysis/coup-continues-to-disrupt-made-in-myanmar-garments_id141121.aspx
5. Glover, S. (2021). Garment industry badly hit by Myanmar coup | Materials & Production News | News. Retrieved 5 May 2021, from https://www.ecotextile.com/2021042027668/materials-production-news/garment-industry-badly-hit-by-myanmar-coup.html
6. Ko, N. (2021). The emergence of Suukyinomics | East Asia Forum. Retrieved 5 May 2021, from https://www.eastasiaforum.org/2019/03/01/the-emergence-of-suukyinomics/
7. Myanmar's banks grind to a halt as junta tightens its grip. (2021). Retrieved 5 May 2021, from https://www.myanmar-now.org/en/news/myanmars-banks-grind-to-a-halt-as-junta-tightens-its-grip
8. UNDP. (2021). *COVID-19, Coup d'Etat and Poverty: Compounding Negative Shocks and Their Impact on Human Development in Myanmar*.
9. အထည်ချုပ်လုပ်ငန်းများ၏ ဈေးကွက်နိုင်ငံများတွင် COVID-19 ကပ်ရောဂါကြောင့် ဝယ်လိုအားနှင့် ပစ္စည်းအသစ် တင်သွင်းလိုမှု လျော့ကျသဖြင့် မြန်မာနိုင်ငံ၏ အထည်လုပ်ငန်းများမှ တင်ပို့မှုလည်း လျော့ကျနေ. (2021). Retrieved 5 May 2021, from https://news-eleven.com/article/202181




Copyright © 2021 Inya Economics. All Rights Reserved.